## အဝေးမှသင်ကြားရေး - နည်းပညာအတွက် မိဘများမရှိမဖြစ်လိုအပ်သည့်အရာများ

https://www.dpsk12.org/coronavirus/#familyresources

### အင်တာနက်ရွေးချယ်ခွင့်များ -

- **အိမ်တွင်း အင်တာနက်** -
  - Internet Essentials- ဤအစီအစဉ်မှ ဈေးနှုန်းသက်သာသော အိမ်တွင်း အင်တာနက်ကို ထောက်ပံ့ပေးပါသည်။ အဝေးမှသင်ကြားရေးတောင်းဆိုမှုတိုးမြင့်လာခြင်းကို တုန့်ပြန်သည့်အနေဖြင့် IE မှ အထူးလျှော့ဈေးများနှင့် ပိုမိုမြင့်မားသော မြန်နှုန်း
  - များ ပေးနေပါသည်။
- **DPS မှ ထုတ်ပေးထားသည့် Hotspots (ကွန်ရက်ချိတ်ဆက်မှုများ) -**
  - DPS မှ ထုတ်ပေးထားသည့် Hotspot များမှာ အိမ်တွင် အင်တာနက်မရှိသည့် ကျောင်းသူ/သားများအား အချို့သော ကွန်ရက်များကို ကြိုးမဲ့စနစ်ဖြင့် ချိတ်ဆက်နိုင်စေပါသည်။ ဤဝန်ဆောင်မှုလိုအပ်သော ကျောင်းသားများအတွက် ၎င်းကို နွေဦးရာသီအားလပ်ချိန်နောက်ပိုင်း ဖြန့်ဝေပေးသွားမည်။ ဖြန့်ဝေပေးခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ကျောင်းခေါင်းဆောင်များနှင့် မျှဝေပေးသွားမည်ဖြစ်သည်။
- **အခြားရွေးချယ်စရာများ -**
  - အမျိုးမျိုးသောခရိုင်ဇရိယာများမှ ရရှိနိုင်မှုအပေါ် မူတည်၍ လိုင်းတည်ငြိမ်မှုအဆင့်အမျိုးမျိုးနှင့် ရံဖန်ရံခါပေးသည့် ချိတ်ဆက်မှုအတွက် အခြားရွေးချယ်စရာများ ရှိပါသည်။
    - **မိုဘိုင်းဖုန်းဖြင့်ချိတ်ဆက်ခြင်း** - တစ်ကိုယ်ရေမိုဘိုင်းဖုန်းများကို Chromebook ကဲ့သို့ အခြားကိရိယာများအား အင်တာနက် ချိတ်ဆက်ပေးရန် ကွန်ရက်ချိတ်ဆက်မှုတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ အပိုဆောင်းငွေတောင်းခံမှုများ တောင်းခံသွားနိုင်သည်၊ အချက်အလက်ပိုမိုသိရှိလိုပါက သင်၏ဝန်ဆောင်မှုထောက်ပံ့ပေးသူအား စုံစမ်းကြည့်ပါ။
    - **အများပြည်သူသုံးဝိုင်ဖိုင်** - (အသုံးပြုလိုသူများအနေဖြင့် ဝိုင်ဖိုင်ရရှိသည့်နယ်မြေမှ ပေ 100 အတွင်း ရှိနေရမည်၊ ၎င်းသည် နယ်ခံများ အိမ်တွင်းနေထိုင်သည့်အမိန့်ကာလအတွင်း အလုပ်မဖြစ်ပါ၊ အများပြည်သူသုံး ဝိုင်ဖိုင်သည် အခြားရွေးချယ်စရာများထက် လုံခြုံမှုနည်းသည့်အတွက် သတိနှင့်အသုံးပြုရန် မှတ်သားထားပါ)
      - XFinity WiFi Hotspots (မြို့အနှံ့ လိုင်းအား အမျိုးမျိုးရှိသည်)
      - Denver Public Library (ဒင်းဗားပြည်သူ့စာကြည့်တိုက်) - DPLWireless (DPL နေရာများ သို့မဟုတ် ကားပါကင် အနီးအနားတွင် လိုင်းရရှိနိုင်သည်)
      - DPS Guest (DPS ကျောင်းများ သို့မဟုတ် ကားပါကင် အနီးအနားတွင် လိုင်းရရှိနိုင်သည်)

### ကျောင်းသားများအား အွန်လိုင်းတွင် ဘေးကင်းအောင် ထားခြင်း

- **DPS စစ်ဆေးဖယ်ရှားခြင်း -**
  - ကျွန်ုပ်တို့ကျောင်းသားများ၏ အွန်လိုင်းအတွေ့အကြုံများ ဘေးအန္တရာယ်ကင်းစေရန်အတွက် DPS အနေဖြင့် အကောင်းဆုံးလုပ်ဆောင်နေပါသည်။ ခရိုင်မှထုတ်ပေးထားသည့်ကိရိယာများနှင့် ခရိုင်ကွန်ရက် ချိတ်ဆက်မှုများ တခွင် ပါဝင်သည့် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်စာမျက်နှာ စစ်ဆေးဖယ်ရှားရေးကို အတတ်နိုင်ဆုံး မသင့်လျော်သည့် အကြောင်းအရာများကို ပိတ်ဆို့တားဆီးရန် စီစဉ်ထားပါသည်။

- ကျောင်းသားတစ်ဦးသည် ခရိုင်မှထုတ်ပေးထားသည့် ကျောင်းသားတစ်ဦးသည် ကျောင်း၌ သို့မဟုတ် အိမ်၌ Chromebook သို့မဟုတ် iPad တစ်လုံးကို အသုံးပြုနေလျှင် ၎င်းသည် DPS ဝက်ဆိုဒ်စာမျက်နှာ စစ်ဆေးဖယ်ရှားရေးကို အမြဲဖြတ်သွားရမည်ဖြစ်သည်။
- နည်းပညာအခြေပြုအခြားဖြေရှင်းမှုများအားလုံးကဲ့သို့ အသုံးပြုသူတစ်ဦးမှ မသင့်လျော်စွာအသုံးပြုရန်အတွက် ဤအင်တာနက် စစ်ဆေးဖယ်ရှားမှုများကို ရှောင်ဖယ်ရန် အားထုတ်နိုင်သည့် နည်းလမ်းများရှိသည်။ မိမိတို့ ကျောင်းသားများ၏ အင်တာနက်အသုံးပြုမှုမှာ ပူးပေါင်း ဆောင်ရွက်ပါရန် မိဘများအား ကျွန်ုပ်တို့ တိုက်တွန်းလိုက်ပါ သည်။

- **အနိုင်ကျင့်ဗိုလ်ကျမှုဆန့်ကျင်ရေး ဆော့ဖ်ဝဲလ် -**
  - DPS မှ စာတမ်းများ (Docs)၊ စာရွက်များ (Sheets)၊ အီးမေးလ် နှင့် ဆက်သွယ်ပြောဆိုမှုများအပါအဝင် ခရိုင်မှ စီမံကြီးကြပ်ကွပ် ကဲထားသည့် Google Suite ထုတ်ကုန်များပေါ်မှ လှုပ်ရှားဆောင်ရွက်မှုကို စောင့်ကြည့်ရန် Gaggle အသုံးပြုပါသည်။ Gaggle မှ အနိုင်ကျင့်ဗိုလ်ကျခြင်း၊ အင်တာနက်မှအနိုင်ကျင့် ဗိုလ်ကျခြင်း သို့မဟုတ် အခြားတရားမဝင်ဆောင်ရွက်မှုများ တစ်စုံတစ်ရာ ဖြစ်ပွားနေခြင်းကို တွေ့မြင်ရပါက ကျောင်းသား သည် ခရိုင်နည်းပညာနှင့် ဆက်စပ်ဆော့ဖ်ဝဲလ်များ အသုံးပြုခွင့် ဆုံးရှုံးမည်ဖြစ်သည်။
- **မိဘများမြင်သာနိုင်မှု -**
  - မိဘများသည်လည်း ကျောင်းသားများ ဝင်ရောက်ကြည့်ရှုထားသည့် မှတ်တမ်းကို ကြည့်ရှုရန် ၎င်းတို့ ကျောင်းသားများ၏ ကိရိယာများကို ဝင်ရောက်နိုင်သည်။ ကျောင်းသားများသည် incognito mode (အမည်နှင့်ပုံသဏ္ဍာန် လျှို့ဝှက်ဖုံးကွယ် ထားသောပုံစံ) ဖြင့် ဝင်ရောက်နိုင်မည်မဟုတ်ပါ။